


# ကောင်းကင်များ၏ အတ္ထုပ္ပတ္တိ

## မိခင်မေတ္တာဘွဲ့ကဗျာစု

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ရေးသားသူ | ဘလော်ဂါနှင့် ကဗျာဆရာ/မ များ |
| အဖုံးဒီဇိုင်း | ဟန်သစ်ငြိမ် (Existence Media Group) |
| အတွင်းဒီဇိုင်း | အောင်သာငယ်<br>ဟန်သစ်ငြိမ် (Existence Media Group)<br>ထွန်းတောက်နေ (Existence Media Group) |
| စီစဉ်သူ | ကိုရင်ညိန်း |
| ထုတ်ဝေသူ | Existence Media Group<br>www.existencemgz.co.cc<br>Myanmar-Thailand-Russia-America |
| ထုတ်ဝေနှစ် | ဇန်နဝါရီ ၁၀၊ ၂၀၀၉။<br>သာသနာသက္ကရာဇ် ၂၅၅၂။<br>မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့။ |
| ထုတ်ဝေ ကုဒ်နံပါတ် | exstmg.pm.1 |
| မူပိုင် | ရေးသားဖွဲ့သီသူများ |


All photos and images in this e-book obtained from
free web search engines and free stock photography sites, otherwise noted.

| မာတိကာ | စာ |
|---|---|
| စီစဉ်သူ အမှတ်တရစကား | ၄ |
| အဖွင့် | ၅ |
| အမေ | ၆ |
| အမေ့တေး | ၇ |
| ခပ်နွေးနွေး မှိုင်းအန်ခြင်း | ၉ |
| အမေ့အနား | ၁၁ |
| အမေနဲ့ စကားပြောခြင်း | ၁၃ |
| စုန်ရဲရဲ ဆန်ရဲရဲ | ၁၅ |
| အမေ့အကြောင်း ကဗျာချို | ၁၇ |
| အမေများသို့ | ၁၉` |
| Mother’s Love | ၂၃ |
| ထွက်ပေါက် | ၂၅ |
| အမေ့အသံ | ၂၇ |
| ခွေးမတစ်ကောင်၏ ပို့ချချက် | ၂၉ |
| အမေ | ၃၁ |
| အမေ (သို့မဟုတ်) ခပ်ရိုးရိုးဖွဲ့ထားတဲ့ကဗျာတစ်ပုဒ် | ၃၃ |
| တန်ဖိုး | ၃၅ |
| မေမေ | ၃၇ |
| အနှိုင်းမဲ့ | ၃၉ |
| မေမေသို့... | ၄၁ |
| မာတာမေတ္တာ | ၄၃ |
| မေတ္တာရောင်ပြန် | ၄၅ |
| မေတ္တာသခင် အို မိခင် | ၄၇ |

စီစဉ်သူအမှတ်တရစကား

Google Search မှာ Mothers Day (အမေများနေ့) ဆိုတာကိုရှာလိုက်တော့ ၂၀၀၉ ခုနှစ်အတွက် အနောက်နိုင်ငံ အတော်များများမှာ မေလ ၃ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၃၁ ရက်နဲ့ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွေလို့ ပြပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ ဇန်နဝါရီလ ၁၀ ရက်နေ့ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာက ဘဘဦးသုခ စတင်ခဲ့တဲ့လမ်းကြောင်းအတိုင်း လိုက်ခဲ့တာမို့ နိုင်ငံတကာနဲ့မတူပါဘူး။ မြန်မာ့ရိုးရာ ပြက္ခဒိန်အရ ပြာသိုလပြည့်နေ့ကို သတ်မှတ်တာမို့ ရက်စွဲမတူယုံတင်မကပါဘူး၊ ခေါင်းစဉ်လည်း မတူပါဘူး။ ကျွန်တော်တို့ မြန်မာတွေရဲ့ ပြာသိုလပြည့်နေ့ဟာ နိုင်ငံတကာကလို အမေများနေ့ ( Mothers Day )၊ အမေ့နေ့ (Mother's Day) မဟုတ်ဘဲ အမေနေ့ (Mother Day) ပါ။ ဒါပေမယ့် နေ့စွဲအားလုံးဟာ ကမ္ဘာပေါ်က အမေတွေကို ပူဇော်ဂါရဝပြု တဲ့နေ့၊ ဦးညွှတ် အလေးအမြတ်ပြုတဲ့နေ့ တွေပါပဲ။

ခုလိုအမေနေ့မှာ အမေနဲ့ဝေးနေတဲ့ အမေ့သားသမီး Blogger တွေထဲက ကဗျာချစ်တဲ့လူတွေစုပြီး ခုလို ကဗျာ e-Book လေးနဲ့ အနုပညာမြောက် ပူဇော်ဂါရဝပြုလိုက်တာပါ၊ ဦးညွှတ် အလေးအမြတ်ပြုလိုက်တာပါ။ အမေနေ့မှာ အမေ့အတွက် ဖြစ်လာတဲ့ ကဗျာတွေကို စုစည်းလိုက်ရုံသက်သက်ပါ။ ကဗျာပြိုင်ပွဲလည်း မဟုတ်သလို လက်သင့်ရာ အမေ့သားသမီးတွေ စုလိုက်တာတော့မဟုတ်ပါဘူး။ လက်လှမ်းမှီရာ အမေ့သားသမီးတွေ စုလိုက်တာပါ။ နောက်နှစ် နောက်နှစ်တွေမှာလည်း အခုထက်ထူးတဲ့ e - Book တွေဖြစ်လာဖို့မျှော်လင့်ပါတယ်။ အရမ်းလည်း ဖြစ်စေချင်ပါတယ်။

အခု e - Book အတွက် မအားတဲ့ကြားက ကဗျာတွေရေးပေးကြတဲ့ အမေ့သားသမီးတွေရော၊ ကျွန်တော် လက်လှမ်းမမှီလိုက်တဲ့ အမေ့သားသမီး (ကဗျာချစ်သူ) တွေရော ကျေးဇူးတင်ပါတယ်။ တစ်ညလုံးမအိပ်ဘဲ ဒုက္ခခံပြီး ကဗျာသရုပ်ဖော်ပုံဆွဲ၊ ဒီဇိုင်းပြင်ပေးတဲ့ ကိုအောင်သာငယ်၊ စာအုပ်ပြင်ဆင်ဖို့ တာဝန်ယူပေးတဲ့ ကိုသင်ကာ၊ ကိုမောင်အန်၊ ဒီဇိုင်းလုပ်ပေးကြတဲ့ ကိုဟန်သစ်ငြိမ်၊ ကိုထွန်းတောက်နေနှင့် ဖွဲ့တည်ရာမဂ္ဂဇင်းအဖွဲ့ တို့ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ အမေ့သားသမီးတစ်စု စုခင်းပြတဲ့ `ကောင်းကင်များ၏ အတ္တုပ္ပတ္တိ´ e - Book လေးကိုဖတ်ပြီး အမေနဲ့ဝေးနေတဲ့ အမေ့သားသမီးတွေ အတွက် အဓိပ္ပါယ်ရှိတဲ့၊ ကြည်စင်လှပတဲ့ အမေနေ့ဖြစ်ပါစေလို့ ဆန္ဒပြုရင်း ...။

ကိုရင်ညိန်း

"န"

မာတာ ဟိ ပုတ္တဿ ဗဟူပကာရာ၊
တဿာ ဂဝေသီ ္ကာမ ဓေရူပံ။
တဿာဘယ ဆာယာပိ မယာ န ဒိဋ္ဌာ။
သာ ဂစ္ဆိ မေ စက္ခုပထံ ဇဟိတွာ။

*အမေဆိုတာ သားအပေါ် အလွန် ကျေးဇူးများတာပါ။*
*ဒါကြောင့် လောကကြီးထဲမှာ အမေ့ကို*
*လိုက်လံရှာဖွေခဲ့တယ်။*
*ဟင်.....အမေ့ အရိပ်ကလေးကိုတောင် ငါ မမြင်ခဲ့ရဘူး။*
*အမေဟာ ငါ့မျက်စိအောက်က ပျောက်သွားခဲ့ပါပေါ့လား။*

"အတ္တိ"

ဂါယန္တိ ဂီတံ ရုဓိရာနိ ကာယေ၊
ဩဏ္ဍကုန္တနိဒ္ဒေါ့မို တမေဝ သုတွာ။
မာတာ ပဝတ္တေသိ သုဂီတသဒ္ဒံ၊
ပုတ္တဿ အန္တောဟဒယေ ဝသိတွာ။

*ငါ့ကိုယ်ထဲမှာ သွေးစက်လေးတွေ တေးသီဆိုနေကြတယ်။*
*အဲဒီ့ တေးသံကို နားဆင်ရင်းနဲ့ ငါ အိပ်ပျော်ရတာပါ။*
*အော်...အမေဟာ ငါ့ရဲ့နှလုံးသားထဲမှာ နားခိုရင်းနဲ့*
*သံစဉ်လှလှလေးတွေ ဖန်တီးနေလေရဲ့...။*

အက္ခရ
(http://akkhara.blogspot.com/ )

(ဆက်သွယ်၍ မရနိုင်ပါသဖြင့် ရေးသားသူကို
စီဘောက်မှတဆင့် ခွင့်ပန်ထားပြီး အချိန်မီ
ထည့်သွင်းဖော်ပြလိုက်ပါသည်။)


အမေ
အမှောင်ထဲက အလင်းတန်း
ကန္တာရထဲက စမ်း
မီးတောင်ထဲ ပွင့်တဲ့ ပန်း
မခမ်း မြစ်
အနန္တ ချစ်ခြင်းမေတ္တာ... ...
စကားလုံးများစွာ မလိုသော ကဗျာ... ...
အောင်သာငယ်
aungthange.blogspot.com


အမေ့တေး
အဇ္ဈတ္တပြခန်း
aungthange.blogspot.com

**အမေ့တေး**

အမေ… ညဦးနက်ပြီး အိပ်ပျက်ညတွေမှာ
အို…အေ ဆိုတဲ့ မေတ္တာတေးနှစ်ခွန်းနဲ့
အိပ်စက်ခဲ့တဲ့ ညတွေကို လွမ်းတယ်အမေ…။

အမေ..မျက်ရည်တွေကြားက
လွမ်းရက်ကြုံ အမေ့သားအတွက်
အမေပါးခဲ့တဲ့ စာလွှာလေးကိုဖတ်
ရင်ညွှန့်မှာ အသက်ကပ်ထားရင်း
ညဦးသန်းခေါင် အမှောင်စိုး
လေပြေတိုးလို့ နိုးတဲ့ညတွေမှာ
သားကိုသတိရလို့ ငိုနေတယ်လားအမေ…။

ကြာလာရင်နေသားကျ
မေ့တတ်တဲ့ သဘောသဘာဝတွေက
အမေနဲ့သားတွေကြားမှာ မရှိဘူးတဲ့လား…။

သားနဲ့ အမေ ဘယ်လောက်ဝေးပါစေ
အမေဆိုတဲ့ တရားရေက
နေရာဌာန ဘုံဘဝတွေမခြားဘူး
ကြားသိဖို့နားမရှိရင်နေ
နလုံးသားနဲ့သိ အားရှိနေတယ်အမေ..။

အသွင်မပြောင်းတဲ့ အမေ့ရဲ့
မေတ္တာတန်ဆောင်းက
ယူဇနာထောင်သောင်းထိ ဖုံးလွှမ်း
သားနားမှာ အမြဲတမ်းရှိနေဆဲပါ.. ။

အဖျှတ္တာပြခန်း


ခပ်နွေးနွေး မှိုင်းအန်ခြင်း
ကိုရင်ညိုန်း
aungthange.blogspot.com

## ခပ်နွေးနွေး မိုင်းအန်ခြင်း

လွမ်းစရာရှိတာကို လွမ်းစရာနဲ့ဖြေ
သတိရခြင်း မိုင်းတွေက
မဆုံ့ရင်ပြဲ အန်လို့
ပြေးပြေးသွားတဲ့ အချိန်တွေနဲ့ အပြိုင်ပေါ့။

မေမေ မကြိုက်တဲ့ စီးကရက်ကိုမှ ကြိုက်တဲ့ကောင်
မေမေ မကြိုက်တဲ့ ဘောလုံးကိုမှ ကန်တဲ့ကောင်
မေမေ မကြိုက်တဲ့ သီချင်းတွေပဲ အော်တဲ့ကောင်
ကျွန်တော်ကလေ
မေမေထမ်းတင်ခဲ့ပြီးတဲ့နောက်
ကိုယ့်မြင်းကိုယ် စိုင်းတုန်းပဲ
အခုထိ။

ရာသီချိန်ရောက်တိုင်း ပေါက်ပေါက်လာတတ်တဲ့
စပါးညှင်း မာနတွေ
ခေါင်းရွက်ဖျပ်ထိုး အတွေးတွေနဲ့
မိသားစုကနေ ခံစားမှုအိုးခွဲ
လွဲပြီးရင်းလွဲ စွဲပြီးရင်းစွဲ
မေမေ ကတော့ မေတ္တာကဲမိုးတုန်းပေါ့။

လက်လှုပ်မှ ပါးစပ်လှုပ်
ဟိုဘက် နည်းနည်းတိုး ဆိုတဲ့ခေတ်ကြီးထဲ
မဖြစ်ညစ်ကျယ် စာလုံးပေါင်းတစ်ချို့နဲ့
ကျွန်တော်က သဘော်သားလေ။

မေမေ့ အတွက် မင်းသားဆိုတဲ့ ကျွန်တော်က
၁၉၉၅ ခုနှစ်ပတ်ဝန်းကျင်မှာ
မေမေ စီးခဲ့တဲ့
ရန်ကုန်-ပြည် ကုန်စိမ်းရထား ဥသြသံကို
နားပင်းနေတဲ့ကောင်။

ရထားတွဲထောင့်က
မှောင်ခိုလက်မှတ် တစ်စောင်ရဲ့မျှော်လင့်ခြင်းမှာ
မေတ္တာ အမြတ်အစွန်း ဘယ်လောက်ပါသလဲ ဆိုတာ
မေမေ့ ထက် သချာ်တော်တဲ့ ကျွန်တော်က
ခုထိ အတွက်မှားတုန်း။

အိမ်က ထင်းခုတ်တဲ့ဓားမ အဆင်မပြေတာကို
မေမေနဲ့ ဥပမာပေးတတ်တဲ့ ပတ်ဝန်းကျင်ထဲ
၆ ဘီးတပ်ရထားကို ဆွဲဖို့
ဘယ်လိုအားနဲ့ ရဲခဲ့တာလဲ မေမေ။

ရွက်ဆုတ် ပြက္ခဒိန်စာရွက်တွေ ပေါ်က
လက်လွတ်စပယ် အမိုက်တချို့နဲ့
ခပ်အေးအေး အတိုးတပ်ရင်း
မိုက်တွင်းနက် နက်နေတာက
ဟောဒီ သားငယ်လေး ဆိုတဲ့ကောင်ပေါ့။

ပန်းကုံးကြွေနေတဲ့လက်နဲ့
မေမေကလည်း အမြဲမပြတ်ချက်လို့
ကျွန်တော်ကလည်း ခပ်သွက်သွက်လေး ငတ်လို့
တဖျပ်ဖျပ်ပွင့်နေတဲ့ မီးပွားလေးတွေ
သူတို့အသိဆုံးပါ မေမေ။

ကိုယ်တိုင်ဆွဲတဲ့ ပန်ချီကားကျမှ
မေမေက အရောင်အား ဘယ်လောက်ကောင်းကြောင်း
မေမေက အလင်းအား ဘယ်လောက်ကောင်းကြောင်း
ပျို့ပျို့တက်လာတဲ့ စုတ်အဖျင်းတွေကြား
လောက်လောက်လားလား မြင်ခဲ့ရတာပါ။

အဝင်နက်နက်နေတဲ့ ကျွန်တော့်ရဲ့ အသိခေါက်ခက်တွေကို
ဒေါက် ကနဲ တစ်ချက်လောက်
မပြင်းလွန်း မပျော့လွန်း ခေါက်လှည့်ပါဦး မေမေ
အောက်ကျနောက်ကျ နိုင်ချက်ကတော့
မေတ္တာတောထွက်က မေတ္တာရည်မလည်လွန်းလို့။

ဓာတုဆိုးဆေး မျက်နှာဖုံးနဲ့ မျက်နှာတွေကြား
ငှက်ပြောအူမပါတဲ့ မုန့်ဟင်းခါးတွေကြိတ်မှိတ် စားရင်း
ကျွန်တော့် ရင်ဘတ်ထဲမတော့
တစ်ရိပ်ရိပ် ထိုးတက်လာခဲ့တယ်
မေမေရဲ့ ရှင်မတောင် ကိုယ်သင်းနံ့တွေပေါ့။

ကျွန်တော် မေမေ့ကို ချစ်ပါတယ်
လူကြိုက်များတဲ့နေ့မှ
စင်ပေါ်က မိုက်ခွက်ကိုင်ပြီး အော်မပြတော့ပါဘူး
ဟောဒီမှိတ်တုတ်တုတ် အလင်းရောင်အောက်မှာပဲ
ဇာတ်စုံခင်းပါရစေတော့
ခပ်နွေးနွေးလေးပါ မေမေ ။

ကျေးဇူးပြုပြီး
ကျွန်တော့်ရင်ဘတ်ထဲက
ခေါင်းစဉ်တစ်ခုကို လာဖျက်ပေးပါ မေမေ
ထွေထွေထူးထူးတော့မဟုတ်ပါဘူး
မနက်ဖြန်တွေ ပိုလှသွားအောင်ပေါ့ ။

ကိုရင်ညိန်း



# အမေ့အနား

ညိမ်းညို

aungthange.blogspot.com

## အမေ့အနား

မီးတို့ အားလုံးငြိမ်းပြီ
လောကတစ်ခုလုံး တိတ်ဆိတ်လို့
ငါ့မှာသာ ရှိုက်သံခပ်မျှင်းမျှင်းနဲ့
ပင့်သက်ကို အကြိမ်ကြိမ်ရှူသွင်းနေရတယ်။

လွမ်းတယ်အမေရယ်..
ဟောဒီ..တောင်စဉ်အထပ်ထပ်
ကမ်းပါးယံအထပ်ထပ်ကို
ကျော်ဖြတ်ပြီး လာခဲ့ချင်ပါတယ်
"အမေ့အနား" ဆိုတဲ့
အရသာအခွင့်ထူးနဲ့ ပျော်မြူးချင်လိုက်တာအမေရယ်..။

"ဦးဆွေးဆံမြည့်" တဲ့
ကျွန်တော်တစ်ကိုယ်လုံး မြည့်မြည့်ဆွေးနေပြီ အမေ
ကျွန်တော့်ရင်ဘတ်ကို ဆွဲဖွင့်ကြည့်ပါ
အမေ့အနားနေချင်တဲ့ စိတ်တွေ
အမေ့ကိုလွမ်းတဲ့ စိတ်တွေ
လတ်လတ်ဆတ်ဆတ် ဖြစ်ထွန်းနေကြပါလိမ့်မယ်
တောင်တွေကိုကျော် တောတွေကိုကျော်
သံယောဇဉ်တွေကို ကျော်ဖြတ်ရင်းနဲ့
သာ၍..သာ၍ ဝေးရာဆီကိုပါအမေရယ်။

အမေ နေကောင်းလား
အမေ လမ်းလျှောက်နိုင်ရဲ့လား
အမေ့အမြင်အာရုံတွေ ကြည်လင်ရဲ့လား
အမေ စိတ်ချမ်းသာကိုယ်ကျန်းမာ ရှိရဲ့လား
ကျွန်တော် မသိနိုင်မမြင်နိုင် မကြားနိုင်တော့ပြီ
အမေနဲ့ ကျွန်တော့်အကြား
ဘာတွေ ကန့်လန့်ကာခြားထားပြီလည်း အမေရယ်..။

"တာဝန်ဝတ္တရား" တဲ့
နုနုနယ်နယ် ကျွန်တော်တို့နှလုံးသားကို တစ်စစီဖဲ့ခြွေ
သေလုအောင် နှိပ်စက်နေကြပြီ
သတိရလိုက်တာ အမေရယ်..
အမေ့ရင်ခွင်ခေါင်းခွေ့လို့
နှောင်းတမြေ့မြေ့
မမေ့ရက်နိုင်စရာ အမေ့ရဲ့ ဆောင်းပုံပြင်တွေ
ကျွန်တော့်ကိုယ်ကျင့်တရားကို သွန်သင်
ကျွန်တော့်အိပ်မက်ကို သန့်စင်ညွှန်ပြလို့
ကျွန်တော့်အသိဉာဏ်တွေကို
ကြည်လင်အေးမြစေခဲ့ပါတယ် အမေ..။

အမေရယ်..
ချောင်းနားကမ်းနား
ငါးရှာဖားရှာ ဖျိုင်းတစ်ကောင်
အစာနဲ့အတူ အကုသိုလ်တွေ မျိုချနေရရှာတယ်
လည်တံတိုတိုနဲ့ အမေ့သားဖျိုင်းတစ်ကောင်
ဘယ်အချိန် အတောင်ညောင်းမှာလည်း
အမေ့ရဲ့ မေတ္တာသောင်ကမ်းစပ်မှာ
တဖျတ်ဖျတ် လွန့်လူးရင်း
မြူးတူးပျော်ပါးချင်လှပါပြီ။

ရင်ထဲမီးတောင်
ဗလောင်ဆူဝေ ပေါက်ကွဲထွက်တော့မယ်
အကြိမ်ကြိမ်အခါခါ ပျို့တက်လာခဲ့
အောက်မေ့တသစိတ်တွေ
ဘယ်လိုလျှောက်လဲချက်မျိုးနဲ့ ပွင့်အံချရမှာလဲ အမေ
နောက်ဆုံး ..
တောတွေတောင်တွေ တကြောလုံးတုန်ဟည်း
မိုးခြိမ်းသံတမျှ ထစ်ချုန်းအော်မြည်ခဲ့တယ်။

"ငါ့ကို အတောင်ပံ တပ်ပေးကြပါ
ငါ့ကို အတောင်ပံ တပ်ပေးကြပါ
ငါ..အတောင်တို့ တဖျတ်ဖျတ်ရိုက်ခတ်
လွင့် ဝဲ ပျံ တက် သွား လိုက် ချင် ရဲ့
အမေ့အနား..ကို"

ညိမ်းညို


အမေနဲ့ စကားပြောခြင်း
ဆိုးသွမ်း
aungthange.blogspot.com

## အမေနဲ့.....စကားပြောခြင်း

နယူတန်ရဲ့  နိယာမ သုံးခုကို အမေ မသိဘူး
အမေသိတာ
သစ်ပင်ပေါ်တက်လို့ ပြုတ်ကျရင်
ကျွန်တော် ခြေထောက်ကျိုးမယ်ဆိုတာပဲ သိတယ်

မိုနာလီဇာ ပန်းချီကားကို ဘယ်သူဆွဲတယ်ဆိုတာ အမေမသိဘူး
အမေသိတာ
ရေချိုးပြီးရင် သားသမီးမှန်သမျှ
မျက်နှာမှာ သနပ်ခါးလိမ်းပေးရမယ်ဆိုတာပဲ သိတယ်

ကမ္ဘာကျော် ကဗျာတွေရေးတဲ့
ရာဘင်ဒြာနတ်(သ်) တဂိုးကို...... အမေမသိဘူး
အမေသိတာ
ကျွန်တော့်စာမကျက်ဘဲ ကဗျာရေးရင် စိတ်ဆိုးရလိမ့်မယ်ဆိုတာပဲ သိတယ်

အမေရိကန် စီးပွားရေး ပျက်တာ .....အမေမသိဘူး
အမေသိတာ
မိသားစု ထမင်းဝအောင် ဘယ်လိုရှာရမလဲဆိုတာပဲ သိတယ်

အစ္စရေးက ဂါဇာဒေသကို
ဝင်တိုက်နေတာ ......အမေ မသိဘူး
အမေသိတာ
ကျွန်တော်တို့ မိသားစုကို ဘယ်သူမှ ရန်မမူနိုင်ဖို့ဆိုတာပဲ သိတယ်

နယူးယော့ခ်မြို့ကို ဒက်ချ်လူမျိုးတွေ စတင်တည်ထောင်ခဲ့တာ.... အမေ မသိဘူး
Mas OS အကြောင်း...... အမေ မသိဘူး
Eiffel Tower ကို  ဂူစတက်ဗ် အီဖဲလ် တည်ဆောက်ခဲ့တာ....အမေ မသိဘူး
လဝွန်းအိမ်ကို...အမေ မသိဘူး
ကဗျာဆရာလို့ အမည်ခံ မသွားတဲ့ ဆရာမြသန်းတင့်ကို....အမေ မသိဘူး
North Atlantic Ocean ထဲမှာရှိတဲ့ ဘာမြူဒါတြိဂံအကြောင်း....အမေ မသိဘူး
နောက်ဆုံးပေါ် တာဝေးပစ်လက်နက်တွေ ဘယ်အထိသွားတယ်ဆိုတာ...အမေ မသိဘူး
လကမ္ဘာပေါ် လူသားတွေ နေထိုင်နိုင်တော့မယ်ဆိုတာ...အမေ မသိဘူး
၂၀၁၂ မှာကမ္ဘာပျက်မယ်ဆိုတဲ့ ကောလာဟလ သတင်း.....အမေ မသိဘူး

အမေ မသိတာတွေ...များလိုက်တာ
ဒါပေမယ့် အမေ့ကို ကျွန်တော် အထင်မသေးခဲ့ဘူး
အမေပေးတဲ့ အသက်နဲ့ အမေကျွေးတဲ့ ထမင်းကိုစားပြီး
နေလာခဲ့တာ

အမေက...ဘာမှ မသိဘူး
ဒါပေမယ့် ကျွန်တော့်တို့ကို ထမင်းဝအောင် ကျွေးနိုင်တယ်
ကျွန်တော်က....တော်တော်များများသိတယ်
အမေ့တစ်ယောက်ထဲကိုတောင် ထမင်းဝအောင် ရှာမကျွေးနိုင်သေးဘူး

ဆိုးသွမ်း




aungthange.blogspot.com

## စုန်ရဲရဲ ဆန်ရဲရဲ

ထာဝရ ဦးညွှတ်ပါတယ် အမေ...
အမေ့ဂုဏ်ရည် အထူးထူးကို
အပြည့်အဝ ဖော်ကျူးဖို့
ဒီနေ့ထိ ဘယ်သူမှ
ဉာဏ်မကွန့် မြူးနိုင်သေးတာ
အားလုံးတခဲနက် လက်ခံလျက်ပဲ။
အမေလို့ လျှာဖျားလေးနဲ့
မြည်တမ်းလိုက်ရင်တောင်
လှိုက်လှိုက်တက်လာတဲ့
ရင်ထဲက ကြည်နူးမှု
အမေ့မေတ္တာကြောင့် ဆိုတာ
ဘယ်သူမှ မငြင်းဝံ့ဘူး အမေ။
ခေတ်အဆက်ဆက်က
သူရဲကောင်းတွေထက်
မြင့်မြတ်သူတွေ ဆိုတာ
အမေဆိုတဲ့ အမည်နာမ
သမုတ်ခံရသူတွေသာ ဖြစ်ရဲ့ ။
အသက်ကို အရင်းထား
စွန့်စားရဲတဲ့ အမေအတွက်
သား သမီးတိုင်း
ပြန်ရဲရင့်ခွင့် ရှိသင့်တာပေါ့
ပြန်ရဲရင့်သင့်တာပေါ့ ။
သားတော့
အမေ့အတွက်နဲ့ ဆို
တလောကလုံးနဲ့ တစ်ယောက်
အန်တုပြီး ရန်ပြုရဲတယ် အမေ ။

မောင်ငယ်




hanthitnyeim.net

## အမေ့အကြောင်း ကဗျာချို

အမေ...
ချစ်တဲ့အမေအတွက်
အမေရဲ့မေတ္တာတွေအတွက်
ကဗျာချိုလေးတစ်ပုဒ် ဖြစ်တည်ဖို့
အင်း... အမေက ကဗျာမှမဟုတ်ဘဲ

ဒါပေမယ့်... အမေ့ရဲ့မေတ္တာတရားက
ကဗျာတစ်ပုဒ်ထက်... ပိုပြီးနူးညံ့တယ်
အမေ့ရဲ့အတိုင်းအဆမဲ့ ချစ်ခြင်းက
ကျွန်တော် အရမ်းနှစ်သက်ခဲ့တဲ့
ကတော့ရေခဲမုန့်ထက်တောင်
ချိုမြနူးညံ့အေးစိမ့်နေလေရဲ့
ချိုမြနူးအေးစိမ့်နေလေရဲ့
ချိုမြအေးစိမ့်နေလေရဲ့
ချိုမြအေးနေလေရဲ့
ချိုအေးနေလေရဲ့
ချိုမြနေလေရဲ့
ချိုနေလေရဲ့
ချိုနေလေ
ချိုနေ
ချို
။

(ဟန်သစ်ငြိမ်)



# အမေများသို့

မောင်ခင်လေး

aungthange.blogspot.com

**အမေများသို့...**

အကယ်ဒမီဆိုတာ
သရုပ်ဆောင်ကောင်းသူတွေအတွက်
သတ်မှတ်ထားတဲ့ဆုတစ်ခုပါ မေမေ

ဖြတ်သန်းလာရာလမ်းတစ်လျှောက်မှာ
ဝါသနာကျောချင်းကပ်သူတွေ
ဝါသနာရင်ချင်းကပ်နေသူတွေ

ဆေးရောင်စုံ ရင်ဘတ်တွေနဲ့
ဘဝတွေချခင်းထားရာ လောကခံထဲ
သားလည်းခုထိ ယောင်လည်လည်ဖြစ်နေဆဲပါမေမေ

မချစ်ဘဲ အောင့်နမ်းခဲ့ရတဲ့
သား၍ အိမ်လွမ်းနာဇာတ်လေးကို လိုက်ကာချ

မေမေရယ်
သားချစ်မြတ်နိုးလှတဲ့ အနုပညာခေါင်းစဉ်တစ်ခုအောက်မှာ
မသေခင်လေးတော့
သိက္ခာတရားရှိရှိနဲ့
နာမည်လေးတစ်လုံးလောက်ရေးထိုးသွားချင်သေးတယ်

မေမေ
များများစားစားလည်း သားမျှော်လင့်မထားပါဘူး
အနုပညာသမားတွေဆိုတာ
ကမ္ဘာပေါ်မှာစိတ်ကူးအယဉ်ဆုံးသတ္တဝါပါ

သားလည်းအဲ့လိုပေါ့
စိတ်ကူးထားတာလေးတွေ အကောင်ထည်ဖော်ဖို့အတွက်
ကီးဘုတ်လေးပေါ်လက်တင်ရင်း
(ကီးဘုတ်ဆိုတာ မေမေနားလည်မယ်မထင်ဘူး)

ကဗျာတွေ တရျောင်းရျောင်းရိုက်
လက်လှမ်းမီရာအသိုင်းအဝိုင်းလေးထဲ
ချွေးသိပ်နေရဆဲပါမေမေ

တစ်နေ့
မောင်ခင်လေးဆိုတဲ့နာမည်လေးတစ်လုံးနဲ့
မျှော်မှန်းထားတဲ့
အသိုင်းအဝိုင်းရဲ့စာမျက်နှာပေါ်မှာ
ကဗျာလေးတစ်ပုဒ်ပဲ မှတ်ကျောက်တင်ခံရဦးတော့

ပထမဆုံးရတဲ့စာမူခလေးနဲ့
မေ့မေ့အတွက်စိပ်ပုတီးလေးဝယ်ပြီး ကန်တော့ချင်သေးရဲ့

ဒီနှစ်နဲ့ဆိုရင်
အိမ်နဲ့ခွဲခွာလာတာ ၇ နှစ်ထဲရောက်ခဲ့ပြီမေမေ

မေမေအမြဲပြောဖူးတဲ့စကားလေးတစ်ခွန်း
ငါ့သားလေးအတွက်နောင်ရေးအေးရအောင်ဆိုတဲ့စကားလေ
အေးလိုက်ပါမေမေ စိတ်ချလက်ချပဲအေးလိုက်ပါ

ဟော့ဒီအဝေးရောက်သားအတွက်တော့
ဘဝရဲ့ကျောတစ်ခင်းစာတော့ရခဲ့ပါပြီ

ဒါပေမယ့်မေမေရယ်
မေ့မေ့အတွက်...
စိပ်ပုတီးလေးဝယ်မပေးလိုက်ရမှာကိုပဲ
တွေးတွေးပြီးပူနေရတယ်မေမေ

သားသမီးအရေးနဲ့
မေ့မေ့ရဲ့လက်ဖဝါးတွေ ကြမ်းရှခဲ့လားရှရဲ့
ခြေသလုံတွေတုတ်ခဲ့ရဲ့လား တုတ်ရဲ့
ဇက်ကြောတွေတက်ခဲ့ရဲ့လား တက်ရဲ့

သားသမီးဇောတွေနဲ့
တွယ်ငြိနေတဲ့ အပူမီးတွေကို
သားကန်တော့မယ့်စိပ်ပုတီးလေးနဲ့
တရားရိပ်မှာ ချွေးသိပ်စေချင်တယ်မေမေ

ဒီတစ်ကြိမ်က
သားတို့အလှည့်ရောက်ပြီမေမေ

မေ့မေ့ကိုအနီးကပ်
လက်ဆုပ်လက်နယ်မပြုနိုင်တဲ့သားတွက်တော့
ဆရာတော်အရှင်ဆန္ဒာဓိက ဟောကြားသလိုပေါ့မေမေရယ်
မွေးကျေးဇူကိုတရား အသိလေးရအောင်ပြောရင်း

မေမေရဲ့
သားအပေါ်တင်နေတဲ့ အကြွေးတွေကို ဖွဲ့ဖွဲ့ပြီးဆပ်နေရတယ်

ဒီလောက်နားချနေတာတောင်
မေမေက သားအတွက်မင်္ဂလာလက်ဖွဲ့တဲ့ လေတဖွဖွပြောရင်း
ကလေးတစ်ယောက်လိုပဲ ငြင်းဆန်လို့နေသေးရဲ့မဟုတ်လား

မေမေရယ်
လူတစ်လုံးသူတစ်လုံးဖြစ်အောင်
ဒီနေ့ဒီချိန်ထိ ပြုစုလာခဲ့တာကိုပဲ
မေ့မေ့ကျေးဇူးတွေက အသချေ်မကတော့ပါဘူး
 မြင့်မိုရ်တောင်မက ကြီးမားလွန်းလှပါပြီ

မိုးသည်းထန်တဲ့ ရက်စွဲတွေအောက်မှာ
နွေနေပူရဲ့လမ်းမတွေပေါ်မှာ
ချမ်းအေးလွန်းလှတဲ့ တောင်ပေါ်နံနက်ခင်း
ဝေလီဝေလင်းအချိန်ခါတွေမှာ

မေမေ့ရဲ့ဝမ်းစာလှုပ်ရှားမှုပုံရိပ်တွေက
အဝေးရောက်နေတဲ့
သားတစ်ယောက်ရဲ့အိမ်ပြန်ချိန်တိုင်းအတွက်
အနေးရိုက်ပြကွက်တွေလို
ခုချိန်တွေထိ မြင်ယောင်နေဆဲပါမေမေ

ကြမ်းတမ်းခဲ့တဲ့
ဘဝရဲ့ကားချပ်ပေါ်မှာ အမြဲတမ်းပွင့်နေခဲ့တာကတော့
မေမေ့ရဲ့
ဘယ်တော့မှမရိုးနိုင်တဲ့ ရှုမငြီးတဲ့အပြုံးပန်းတွေပေါ့

ရင်ထဲမှာမီးတောက်နေတာတောင်မှ
 မေမေအပြုံးမပျက်ခဲ့ဘူးမို့လား

တကယ်တော့ မေမေဟာ
သားတို့အတွက်
အရာရာတိုင်းမှာလေးမြတ်ခဲ့ပါတယ်

ကမ္ဘာပေါ်မှာစံထားနေကြတဲ့
သရုပ်ဆောင်များစွာထဲ မေမေနဲ့ယှဉ်လာရင်တော့
ပြိုင်စံရှားပဲမေမေ  အားလုံးပဲရှုံးတယ်

တကယ်တော့
အကယ်ဒမီဆိုတာ
သရုပ်ဆောင်ကောင်းသူတွေအတွက်
သတ်မှတ်ထားတဲ့ဆုတစ်ခုပါ

မေမေ ကြားလား
သူတို့လာနေကြပြီ
တဖြည်းဖြည်းနဲ့ နီးကပ်လာကြပြီ

ခြေသံတွေ ခြေသံတွေ
ကမ္ဘာပေါ်မှာ
အမွန်မြတ်ဆုံးဆုတံဆိပ်ကို လက်ခံကြဖို့အတွက်
သူတို့ချဉ်းကပ်လာကြပြီ

"၂၀၀၉ ရဲ့ ဇန်နဝါရီလ(၁၀)ရက်နေ့ အမေများနေ့" ဆိုတဲ့
နေထူးနေ့မြတ်လေးဆီကို အားအင်အပြည့်နဲ့

 လှမ်းလာနေကြပြီ တိုးကပ်လာကြပြီ
ကမ္ဘာပေါ်မှာရှိရှိသမျှအမေတွေ ချီတက်လာကြပြီ။  ။

မောင်ခင်လေး


Aungthange.blogspot.com
Mother's Love
CHAOS

## Mother's love

Mother's love is great,
It can never be measured or rephrased.

Mother's love is always there,
When you are hurt and scared.

A mother's soothing fingers can put you at ease,
After that she can feel at peace.

Mother's love is a miracle,
It can help us withstand obstacles.

Mother's love is jut giving,
She never wants to take back anything.

A mother can grin and bear the pain,
But she does not want her child to suffer again and again.

Mother's love can save us from the dark,
She can even teach us how to lit the candles bright.

Mother's love is warm,
It can keep us away from harm.

Never ever let a mother's tears run down from her cheeks;
Mother's love can never be replaced and is precious indeed.

Chaos


ထွက်ပေါက်
Black Dream
www.htuntauknay.iblogger.org

အော်စမ်း...
မကြားနိုင်တဲ့ အရပ်မှာ
ရင်ဘတ်တွေစုတ်ပြတ်
အသံတွေ သွေးစိမ်းရှင်ရှင်ကျတဲ့အထိ...။

သွေးရူးသွေးတန်း
အမှောင်တွေထဲ ပြေးလွှားတော့
နံရံတွေက အကြင်နာတွေမဲ့လိုက်ပုံများ
မေတ္တာတရားတွေတောင် လက်မိုင်းချလို့...။

တစက်စက်တုန်နေတဲ့ လက်တွေနဲ့
နိမိတ်ပုံတွေကို ဖမ်းဆုပ်ဖို့ကြိုးစားတော့
ဒီကောင့် ဝိညာဉ်လည်း တဖြေးဖြေး
ကောင်းကင်နဲ့ဝေးခဲ့ရပေါ့...။

လေးဘက်လေးတန် ကာရံထား
ဒီဟန်ဆောင်မှု ဝတ်ရုံတွေကြားထဲမှာ
မနက်ဖြန်ကို ရဲရင့်စွာယုံကြည်ဖို့
အလင်းစက် တစ်ပေါက်တော့ ရှိကောင်းပါရဲ့...။

သေသေချာချာပြန်စဉ်းစားတော့
မရေရာလှတဲ့ အာရုံငါးပါးကြားထဲ
ဒီကောင်လည်း ခပ်ဝါးဝါးပါပဲ...။

ကြပ်ခိုးရိုက်နေတဲ့ ဒီကောင်းကင်
အဆိပ်သင့်နေတဲ့ ဒီလေထု
ကိုယ့်ကိုယ်ကို ရေညှိတက်ပြစ်တဲ့ ဒီရေပြင်
နင်းပြားတွေ အထပ်ထပ်ပုံနေတဲ့ ဒီမြေကြီး
...ဟား.....နေစရာ ရှားခဲ့ပြီပဲ...။

မွန်းကြပ်လွန်းတဲ့ ဒီပညတ်တွေကြား
နောက်ဆုံးငါ.....
အသည်းအသန်ဖောက်ထွက်ဖို့ ကြိုးစားတော့
အလင်းတန်းတစ်ခု ငါ့ရှေ့မှာ လက်ကမ်းနေလေရဲ့....။

"ဪ... အမေပါလား...။"




www.htuntauknay.iblogger.org


အမေ့အသံ
ကောင်းကင်ကို
aungthange.blogspot.com

**အမေ့ အသံ**

အမေတစ်ယောက်တည်း ဟိုတွေးဒီတွေးနဲ့
စိတ်ထဲမှာ မီးမွှေး
မစီတတ်တဲ့ စကားလုံးတွေကို အပူပြင်းပြင်းပေးပြီး
သားအတွက် ကျိုချက်သန့်စင်ခဲ့ပေမယ့်
အအေးခံချိန်မရလိုက်တဲ့ အမေ့ရဲ့ အသံတွေ
နားထဲကို အတင်းလောင်းထည့် ခံခဲ့ရစဉ်က
ရင်ထဲကို အဝင်မခံ
နားဝမှာတင် မိုက်မိုက်မဲမဲ ထိုးအန်ပစ်ခဲ့ပေမယ့်...

အခုအချိန်မှာတော့
နလုံးအိမ်ထဲမှာ ပေါင်းခံ
ဒေါသယောင်ဆောင်ထားတဲ့ အမေ့ရဲ့ စောင်းသံကို
ကိုယ့်ကိုယ်ကို သွားတိုက်ဆေးဗူးလိုညှစ်
အပ်နှစ်စင်း ထိသလိုဖြစ်မှ ရတတ်တဲ့ ချီးကျူးသံတွေ
တစ်ချက်တည်းနဲ့ ကျင်းဝင်သွားတဲ့အခါမျိုးမှ
ရတတ်တဲ့ လက်ခုပ်သံတွေနဲ့
ဘာမဆို အလိုက်ပေးပြီး
ပြန်လဲချင်မိတယ် အမေ။

ကောင်းကင်ကို


ခွေးမတစ်ကောင်၏ပို့ချချက်
သင်ကာ
hanthitnyeim.net

## ခွေးမတစ်ကောင်၏ ပို့ချချက်

စာအုပ်နက်နက်တွေဖတ်ပြီး
ဇောက်မနက်နဲ့ အတွေးတွေနဲ့
မေတ္တာတရားကို
ဟော်မုန်းနဲ့ ဂလင်းတွေလက်ချက်ဆိုပြီး
ဘေးတိုက်ထွက်ခဲ့တဲ့ကောင်...။

တစ်ခုသော စိမ်းစိမ်းနံနက်
လေသာပြတင်းမှာ ရပ်ငေးတုန်း
ပြုန်းဆိုကားနဲ့ဝင်တိုက်
ခွေးမ’ ဟာ သားတစ်သိုက်နဲ့...။

သားတစ်ဖြစ်သွားတဲ့ ခွေးပေါက်စဟာ
ကျီးတွေရဲ့ ထိုးသုတ်စရာ ဘဝပြောင်း
ကတ္တရာလမ်းလည်မှာ
ကားတဝီဝီမောင်းတုန်း
အနိစ္စနဲ့ ပေါင်းနေချိန်...။

လမ်းတစ်ဖက်ကို ကူးမြောက်သွားတဲ့
ခွေးကလေးတွေက တစ်ဖက်
လမ်းလယ်မှာ အသက်ထွက်နေတဲ့ ခွေးသားအတွက်
ခွေးမ မိခင်က ကျီးထိုး မစားစေဖို့က တစ်ဖက်
သူ့လည်း သူ့သဘောနဲ့
“မိခင်သောက” ဇာတ်ကို က...။

စဉ်းစားစမ်းဟဲ့ `ငါ´ဆိုသော ငမိုက်သား
ပုံပျက်သွားတဲ့ `သားတစ်´ခွေးကို
မိခင်ခွေးမဟာ မေတ္တာ မပျက်သေးပါရောလား
ပြောစမ်းဟဲ့...မင်းရဲ့ ဟော်မုန်းနဲ့ ဂလင်းသီအိုရီတွေ
နို့အုံတင်းရင် ဒင်းဆိုသော ခွေးမမှာ
တခြားသားပေါက်တွေလည်း ရှိနေပါရောလား
သားတစ်ရဲရဲနဲ့ ကျီးဆွဲမယ် ဖြစ်နေတုန်း
မမုန်းနိုင် မပစ်နိုင်တဲ့ မိခင်သောကပါလား...။

ထိုနေ့သော မနက်မှာ
မျက်ရည်တွေနဲ့ ပြာကျ
ခွေးမက ပေးလိုက်တဲ့သင်ခန်းစာနဲ့
ဒီဘဝ ထပ် မမိုက်တော့ပါဘူး အမေ
စာအုပ်နက်နက်တွေနဲ့လည်း အပိမခံ
ဇောက်မနက်တဲ့ မာန်တွေလည်း မရှိတော့ပါဘူး အမေ...။

သင်ကာ
(၂၀၀၀ ခုနှစ်က ရခဲ့သော သင်ခန်းစာတစ်ခုကို အကြောင်းပြု၍)




aungthange.blogspot.com

**အမေ**

(က)
အမေ
မွေးခဲ့တယ်၊ ကျွေးခဲ့တယ်
အားပေးခဲ့တယ်၊ တရားမဝေးဖို့လည်း ဆုံးမတယ်
နားချတယ်၊ တရားပြတယ်.
ကျွန်တော် မိုက်လုံးကြီးသမျှ
အမေ့ မေတ္တာတွေ အဆဆ
တိုးလို့လာတာ မြင်ခဲ့ရတယ်။

(ခ)
ကျွန်တော် အခါခါ ဆိုးသမျှ
ကြင်နာစိတ်ဖုံးတဲ့ မျက်လုံးနဲ့
ကျွန်တော့် အပေါ် ချစ်စရာကလွဲလို့
အမေ့ဘဝထဲ ဘာမှ ရှာမတွေ့ခဲ့ပါဘူးတဲ့။

(ဂ)
ကံကြမ္မာရဲ့ အစီးအနင်း
လောကရဲ့ ကိုက်လမ်းတွေနဲ့
အသားမကျလှတဲ့ ကျွန်တော်
ပူလောင်၊ အေးစက် အပေးခက်တဲ့
လက်တွေနဲ့ အပွေ့အဖက် ခံရတိုင်း
ဟို ခပ်လှမ်းလှမ်းက
မေတ္တာရိပ် အမေ့အိမ်မှာပဲ
ငြိမ်းချမ်းရာကို အမြဲရှာတွေ့ခဲ့တယ်လေ။

(ဃ)
အမေ...
အစစ်အမှန်၊ အဆုံးမရှိ
တည်တံ့ခိုင်မာ၊ မပျောက်မပျက်
ခေတ် အဆက်ဆက်နဲ့
ကျွန်တော့် ကောင်းကင်မှာ
ထာဝရ ထွန်းလင်းမယ့်
နက္ခတ် တစ်စင်းအဖြစ် .
အမြဲတည်ရှိနေမှာပါ အမေ။ ။

08.01.2009
မော်ဆရာ ။


အမေ
(သို့မဟုတ်)
ခပ်ရိုးရိုးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်
ပန်ဒိုရာ

သူမ အတွက်တော့
ဘဝဆိုတာ
ပင်စည်မတ်မတ် ရပ်စေဖို့
အကိုင်းအခက်တွေ တိုးထွက်ဝေဖြာစေဖို့
ကိုယ်ပိုင်ဆိုင်တဲ့ နေ့နဲ့ညတွေကို
မြေကြီးအောက်မှာ ခက်ဖြာ မြုပ်နှံရခြင်းဖြစ်တယ်။

ဖြစ်နိုင်ရင်
တသက်လုံး မျှချထားချင်တဲ့
ရင်ခွင်အောက်က
တစ်ယောက်ပြီးတစ်ယောက်
အတောင်ဖြန့်ခါ ပျံသန်းသွားကြချိန်
နယ်ခြားမရှိ အလင်းရောင်ပေးနိုင်တဲ့
သောကမီးအိမ်လေးကို ထွန်းညှိထားခဲ့ရပြန်တယ်။

အချိန်ကမ်းပါးတွေ တိုက်စားခံရတော့
သီအိုရီမဆန် စကားလုံးတွေ မခန်းနားဘဲ
အမြဲစီးဆင်းနေတဲ့ မြစ်တစင်းရဲ့
ဖြန့်ခင်းထားတဲ့တေးချင်းလက်ာမှာ
ပျောင်းနွဲ့ညင်သာလိုက်ပါခဲ့ရတဲ့ ဘဝ
ဘယ်တော့မှ ပြန်မရတော့ဘူး။

လေပြင်းတွေထန်
ရေစီးတွေသန်တဲ့ ဒီည
တစိမ်းတွေရဲ့ချောင်းကျဉ်းကျဉ်းမှာ
စုန်ရင်းဆန်ရင်း ကူးခတ်နေတုန်း
အမေ့အိမ် အမေ့ဟင်းနဲ့
အမေ ဆိုညည်းတဲ့ သီချင်းကို အိပ်မက်မက်တယ်လေ။




ပန်ဒိုရာ

# အမေ
# (သို့မဟုတ်)
# ခပ်ရိုးရိုးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်


တန်ဖိုး
ထွန်းတောက်နေ
www.htuntauknay.iblogger.org

## တစ်ခုတည်းသော တန်ဖိုး

ကြီးကြီးကျယ်ကျယ်တော့
မပြောချင်တော့ဘူး ...

သူ့မှာတန်ဖိုးရှိတယ်ဆိုတာ
လူတိုင်းသိတယ်...

ငါမပြောနဲ့ လူတိုင်းလည်း သိတယ်
ဒါကြောင့် ပြောချင်တာ...

သူ ဘယ်သူလဲ သိလား
လျှောက်တွေးမနေနဲ့လေ ...

လေကြီးလေကျယ်နဲ့ပြောပြော
နံ့ချာတဲ့ ဘာသာစကားနဲ့ပြောပြော
သူ့တန်ဖိုးက အတူတူပဲ ....

ဘာသာတွေကို ကျော်လွန်
အယူအဆတွေက လွတ်ကင်းနေတာ
သူပဲ ရှိတယ် ...

ကမ္ဘာပေါ်မှာ တစ်ခုတည်းသော
တန်ဖိုးညီတာ သူပဲ...

အဲဒါက ....။

ထွန်းတောက်နေ


မေမေ
တင့်ထူးရွှေ
hanthitnyeim.net

# မေမေ

တစ်ခြမ်းပဲ့လနဲ့ သားတို့ဘဝတွေကို
အလင်းရောင်ပေးခဲ့
ဆည်းလည်းလို ချိုတဲ့သားတွေရဲ့အသံနဲ့
နားရည်ဝခဲ့ရတဲ့မေမေ
ပိုး ဆိုတဲ့သတ္တဝါထက်
သားတို့ရဲ့ ငယ်ဘဝကနုခဲ့ရပါတယ် မေမေ...။

အကာအကွယ်တွေမဲ့နေတဲ့ စစ်တလင်းထဲမှာ
မေမေဟာ အောင်နိုင်သူ စစ်သူကြီးလိုပဲ
ငါ့သားတွေ အားနဲ့ အရာရာကို နိုင်အောင်တိုက်မယ်ဟဲ့ ဆိုတဲ့စိတ်နဲ့
မေမေ ဝင်ခဲ့တဲ့ တိုက်ပွဲတိုင်းဟာ အောင်နိုင်ခဲ့ပါတယ် မေမေ...။

မေမေစီးဆင်းခဲ့တဲ့ မေတ္တာစမ်းချောင်းလေးဟာ
ဘယ်လောက်တောင် ချိုမြလိုက်သလဲဆိုရင်
သားတို့ရဲ့ငယ်ဘဝက တစ်ကယ့်ကို လိုတရလက်စွပ်ကလေးလို
အရောင်တွေတလက်လက်ထနေခဲ့ပါတယ် မေမေ...။

ဘယ်လောင်တောင် မေမေ ပေါင်းသင်ပေးလိုက်သလဲဆိုရင်
မေမေ့ရဲ့ မြေပြင်မှာ ဒဏ်ရာတွေဗရပွ ဖြစ်နေပေမယ့်
အပျံတတ်သွားတဲ့ ငှက်ကလေးတွေလိုပဲ
သားတို့ပါးကို ဖွဖွလေးပဲ နမ်းရက်ခဲ့တယ်
မေမေ့မေတ္တာမှာ မြင်သာအောင် ရေးထိုးထားခဲ့ပေမယ့်
စကားလုံးတွေ မဲ့နေတယ် မေမေ
ဘယ်လိုစကားလုံး မျိုးနဲ့ မေမေ့မေတ္တာကို
ဖော်ကျူးပြရမလဲ မေမေ...။

နံရံတွေ အထပ်ထပ်ခြားလောက်အောင်
မေမေနဲ့ သားတို့ ဝေးနေပေမယ့်
နွေးထွေးတဲ့ မေမေ့လက်တစ်စုံက
သားဘေးနားမှာ အမြဲကျောသပ်ပေးနေသလို
ဖက်တွယ်စရာ မြက်တစ်ပင်တောင် ဆုပ်ကိုင်မရခဲ့တဲ့အချိန်
ပစ်ပေါက်ကြဲလိုက်တဲ့ မေမေ့ရဲ့စကားတစ်ခွန်းက
သားအတွက် အနာကျက်ဆေး
မေမေရဲ့ မေတ္တာလက်နက်က
အရာအားလုံးထက် ထက်မြပါတယ် မေမေ...။

**တင့်ထူးရွှေ**



# အနှိုင်းမဲ့

မိုးမြင့်တိမ်

www.htuntauknay.iblogger.org

# အနှိုင်းမဲ့

ရင်ဘတ်ထဲမှာ ပြည့်ကြပ်နေခဲ့တယ်

ခံစားမှုတွေက ပေါက်ကွဲလုလုမီးတောင်တစ်ခုလို..။

ရင်နဲ့ရင်းပြီး ခင်းပြချင်ခဲ့တာ

အလှပဆုံး ဂုဏ်ရောင်တွေနဲ့ တင်စားပစ်ခဲ့လိုက်ချင်တာ

တကယ်မှာတော့ ဥပမာပြုမှုအလင်္ကာတွေ လက်မြှောက်

မှီနိုင်လောက်တဲ့ ခိုင်းနှိုင်းမှုမျိုးတွေ ပျောက်ဆုံးလို့

မေတ္တာရဲ့ တန်ဖိုးကိုကအနှိုင်းမဲ့နေခဲ့တာ..။




အခုတော့ ပြည့်လျှံတဲ့ မျက်ရည်တွေနဲ့တမ်းတ

အဝေးတစ်နေရာက ကန်တော့ခန်းဖွင့်လို့

ဆို့ဆို့နင့်နင့် အကြိမ်ကြိမ် ခေါ်နေမိတယ်

................" အမေ " .....................

စိတ်၏စေရာနာခံလေသော

မိုးမြင့်တိမ်


မေမေ သို့ ...
ခန့်နေ
www.htuntauknay.iblogger.org

# မေမေသို့

သို့ မေမေ
နေကောင်းရဲ့လား..
သတိရစွာနဲ့ ကျွန်တော်စာရေးလိုက်ပါတယ်
ကျွန်တော်တော့ နေကောင်းနေတယ်
ရာသီဥတုကတော့ အရင်လို
ပုံမှန်တာ ပုံမှန်တုန်းပဲ။
ပူလိုက်၊ အေးလိုက်ပေါ့။

အိမ်ထဲမှာ အဲယားကွန်းတွေတပ်ထားပေမယ့်
ထစ်ခနဲရှိ အငွေ့ပျံချင်နေတဲ့ အရည်ပျော်အိပ်မက်တွေကို
ယပ်ခတ်ပေးနေရတာတော့ရှိတယ်။

ဒီမှာတော့ တစ်နှစ်ပြည့်သွားတိုင်း
ဖျက်မရတဲ့ အိုးမည်းတွေနဲ့အတူ
ကျွန်တော်လည်း သိုးမည်းတစ်ကောင် ဖြစ်နေပေါ့။

ဒါနဲ့..
ကျွန်တော် အရင်ကထက်
အရပ်ရော၊ လျှာပါ နည်းနည်းပိုရှည်လာတယ်.. သိလား

ကျွန်တော်ဟာ အေးခဲစွာနဲ့ ပျော်နေသူတစ်ယောက်ဆိုတာ
သူတို့ကို  ဘယ်လိုရှင်းပြရမှန်းတောင် မသိဘူး။

မေမေပို့ပေးတဲ့ အပင်တစ်ချို့လည်း
ကျွန်တော် စိုက်ထားတယ်
ဒီမြေမှာ နေဝင်နေထွက် ရိုးသားမှုက လွဲရင်
ကျန်တာ အပေါက် သိပ်မြန်တယ်။

ပထမကမ္ဘာမှာက ကျွန်တော်တို့တွေလို
အချိုမှုန့်ကို ဟင်းခတ်မယ့်အစား
စကားပြောတဲ့အခါနဲ့ အပြုံးတွေထဲကို ပြောင်းခတ်နေကြပြီ။

ပေါပေါများများတွေ့ရတာတော့
ရယ်ဒီမိတ် ပစ္စည်းရယ်၊ ပါးစပ်ပေါက်တွေရယ်ပဲ..
ရယ်ဒီမိတ် စရိုက်၊ ရယ်ဒီမိတ် ဒီပလိုမာ
ရယ်ဒီမိတ် ခေါက်ဆွဲခြောက်၊ ရယ်ဒီမိတ် ဆက်ဆံရေး ...
(မပြောကောင်း၊ မဆိုကောင်း ရယ်ဒီမိတ် ကဗျာတွေ
လုပ်ရောင်းရင် ကောင်းမလားတောင် စဉ်းစားမိသေး)

အချိန်တော်တော်များများမှာ
ကိုယ့်ကိုယ်ကို ပြန်ကျပျောက်နေတာ
သိပ်ဆိုးတယ် မေမေရယ်
စုန်ချင်တဲ့ စိတ်ကို ဇက်သတ်နေရတာ
လုံးလည်ချာလည်နဲ့....။

ကြက်ခြေခတ်ဦးရေ မထူထပ်ခင်
အချိန်မှီ.. မျက်လုံးတွေကို ဘောင်ဆွဲခတ်နေရတာလည်း
ပါတယ်။

လူများချိတ်တွေကလည်း
အများခံချင်စရာ ကာလာစုံပဲ
ပြာနန့်နန့်နဲ့ တစ်ခုဟာ ကျွန်တော့် အကြိုက်လေ
ဘာပဲဖြစ်ဖြစ်
ကွန်ပစ်တဲ့အထဲ
ပါသွားတာထက်စာရင် တော်သေးတာပေါ့။

ချစ်သူတော့ မရှိသေးပါဘူး
ဒီမျောက်ဟာ အမြီးပဲ မပေါက်နိုင်ဘူးလို့
မေမေ ပြောတော့မယ်မလား
လူအချင်းချင်း ဆွဲဆောင်တဲ့အလုပ်မှာ ကျွန်တော်
ညံ့ပေမယ့်
ရုပ်ရှင်ရုံတွေက
လက်မှတ်တစ်စောင်ထဲလည်း ပေးဝယ်ပါတယ်ဗျ
တစ်ရေးနိုးတိုင်း
လက်ကလေးတစ်ခုကို ကိုင်ထားချင်တဲ့ ရောဂါကလွဲရင်
အားလုံး အဆင်ပြေပါတယ်။

ကျွန်တော် မှာလိုက်တဲ့စာအုပ်တွေရော
ရှာလို့တွေ့ရဲ့လား
မေမေလည်း ပျော်အောင်နေနော်..

အဝေးက သား
ခန့်နေ


မာတာမေတ္တာ
ရွှေပြည်သူ
hanthitnyeim.net

# မာတာမေတ္တာ




တချို့ကတင်စားတယ်
ပုခက်လွှဲသောလက်များတဲ့
ကိုယ်တို့မွေးဖွားလာကတည်းက
မအားခဲ့ရတဲ့ အဲဒီလက်တွေဟာ
တကယ်တော့
ပုခက်လွှဲဖို့
သက်သက်မဟုတ်ခဲ့လေဘူး…။

တချို့ကတင်စားတယ်
မြင့်မိုရ်ထက်မြင့်သူများတဲ့
ကိုယ်တို့အတွက်တော့
အမြဲမိုးပေးထားတဲ့
ဒီအရိပ်အေးဟာ
မြင့်မိုရ်ထက်သာတဲ့နေရာမှာ
တကယ်တော့
အမြင့်တစ်ခုထဲ မဟုတ်ခဲ့လေဘူး…။

တချို့ကတင်စားတယ်
ကိုယ်တို့ကတော့
ရတနာတပါးလို သားသမီးတွေတဲ့
တကယ်တော့
မြင့်သော မားသော ကြီးမားခန့်ညားသော
ဒီမေတ္တာတရားတွေအတွက်
ခယတဲ့ သိတတ်ခြင်းတွေ
လှပတဲ့ လိမ္မာခြင်းတွေ
ပြန်လည်အပ်နှင်းနိုင်တဲ့
တကယ့်… ရတနာတွေလားဆိုတာ
မသေမချာ… တွေးနေမိဆဲပါပဲ…

ရွှေပြည်သူ
(ည ၁၂း၅၀ နာရီ ~ ၁၀.၀၁.၂၀၀၉)


မေတ္တာရောင်ပြန်
မှူးဒါရီ
hanthitnyeim.net

# မေတ္တာ ရောင်ပြန်

မှူးဒါရီ

နေ့စဉ်နှင့် အမျှ
ဦးထိပ်တင် တစ်ပါး အပါအဝင်
လက်ဆယ်ဖြား ချီကာမိုး
အိပ်ရာဝင်တိုင်း ရှိခိုးပါသော
မိုးလင်းတိုင်း လမ်းမထွက်ခင်…

ဤခန္ဓာ မှန်မှာကြည့်
သတိရောက်သည် အဝေးက
စိတ်နာမ်အားဖြင့် နီးကပ်ပါသော…

နှောင့်ယှက် ခက်ခဲ၊ ဖွယ်ဖွယ် ကိစ္စ
ဖွင့်ဟ မဆိုဘြား
အလိုအလျောက် ကြားမြင်
အိပ်မက်ထဲပင် လာအားပေးတတ်သော…

တိုင်ပင် ဆွေးနွေး၊ နွေးထွေး မလပ်
အသက်ပင် အိုအို၊ မြဲဆို ဆုံးမ
တစ်ခါ ရင်သွေး
ထာဝရ မစွန့်ပစ်သော…

ရာထူး မြင့်ဟီး၊ လူဆိုးကြီး ဖြစ်ဖြစ်
ချစ်ခင်ယုယ၊ မုချ စောင့်ရှောက်
မဲ့တစ်ပေါက်မစွန်းအောင်
ရှေ့တွင် မားမတ် ရပ်တည်သော…

မွေးသမိခင် ၊ မာတာရင်ကို
နှောင်းတမြေ့မြေ့၊ မမေ့မလျော့…
ဦးတင် ရိုကျိုး ပါ၏။



# မေတ္တာသခင် အို မိခင်

ဖြိုးငယ်

aungthange.blogspot.com

## မေတ္တာသခင် အို.. မိခင်

လောကဓာတ်၌
မိန်းမတို့ထက်
ယောကျ်ားမြတ်သည်
ဆိုပေမည်လည်း
ယောကျ်ားတို့ထက်
အမေမြတ်သည်
ဆိုပါလေမူ
မည်သူငြင်းဆန်ဝံ့နိုင်လိမ့်။

ရင်သွေးငယ်လေး
အိုပိုက်ထွေးလို့
ကိုးလကျော်လွယ်
၁၀ လ သယ်ပြီး
ချဉ် ငန် စပ် ခါး
အပူများလည်း
ရှောင်ရှား မြှုသိပ်
မိခင်စိတ်ကို
အိုဘယ့်ယောကျ်ားစွမ်းနိုင်လိမ့်။

ချိန်ခါတိုင်ရောက်
မွေးဖွားမြောက်သော်
ကန်ကျောက်ငိုကြွေး
ရင်ဝယ့်သွေးအား
ချစ်တေးဆိုညည်း
ဝမ်းမီးငြိမ်းစေ
မေတ္တာအနှစ်
သွေးစင်စစ်က
နို့ရည်ဖြစ်အံ့
ဘယ်တန်ခိုးရှင်တုနိုင်လိမ့်။

ကမ္ဘာမီးလောင်
သားကောင်ချနင်း
ဤစာကြွင်းက
ယွင်းမှားပေလိမ့်
မိခင်စိတ်သည်
သူသာကြိတ်မှိတ်
ခံလိမ့်ပေအံ့။

သားမောင်နထွေး
ချစ်ရင်သွေးကို
နည်းနည်းလေးပင်
ဘေးမတင်အောင်
ဖေးပြင်စောင့်ရှောက်
ကောင်းရာရောက်စေ
ထိန်းကျောင်းပေအပ်
မြတ်သောမိခင်
အိုသခင်ကို
ဘယ်သူယှဉ်လို့ရနိုင်လိမ့် ။

ဖြိုးငယ်



All photos and images in this e-book obtained from
free web search engines and free stock photography sites, otherwise noted.